# MSAN Translation Team

ခမ်းနားထည်ဝါ

# စားကြောက်တဲ့သရဲ

# ဓားကြောက်တဲ့ သရဲ

ရွာရဲ့ မြောက်ဘက် လယ်ကွင်းတွေ ဘက်မှာ လည်း အနောက်ဘက်က လာတဲ့ ချောင်းတစ်ချောင်း ရှိတယ်။ အဲဒီချောင်းက ဓနိတောတွေ ထဲကဖြတ်ပြီး အဖျားဘက် ရောက်လာတော့ ရေတိမ်ချောင်း၊ ရိုးသာသာလေး ဖြစ်သွားတယ်။ မိုးတွင်းဆို ရေပြည့် ရေလျှံဖြစ်ပေမဲ့ နွေရာသီဆို ရေတွေခန်းပြီး ကုန်းပါ ပေါ်လာတတ်တယ်။

ဒီအဖျားပိုင်း မရောက်ခင် ဓနိတောစပ်က အထွက်နေရာလေးမှာ သုံးခွဆိုင် ဖြစ်ပြီးတော့ အဲဒီအလယ်မှာ တစ်ဧကေစာလောက် ကုန်းမြေ တစ်ခုရှိတယ်။ အဲဒီကုန်းမြေ ပေါ်မှာ တော့ လယ်မစိုက်ကြသေးပါဘူး … အဲဒါကြောင့် အဲဒီမြေပေါ်မှာ ကျူရုံတွေ၊ ဓနိရုံတွေအပြင် ညောင်ပင်ကြီး တစ်ပင်ပါ ရှိတယ်။

ရွာသားတွေက အဲဒီနေရာကို ကျောက်ပျဉ်ကျွန်းလို့ ခေါ်ကြတယ်။ အဲဒီကျောက်ပျဉ်ကျွန်း နေရာက မိုးတွင်းဘက်ဆို ရေမြုပ်နေပြီး နွေရာသီဆို ပြန်ပေါ်လာတယ်။

အဲဒီပတ်ပတ်လည်မှာ လည်း ကျူတောနဲ့ ဓနိတောတွေပဲ ရှိတယ်။

အဲဒီဘက်က ရွာနဲ့ လည်း နည်းနည်း အလှမ်းဝေးတော့ အလုပ်ချိန်က လွဲရင် လူတွေ သိပ်မရောက်ဘူး … မိုးတွင်းဘက်ဆို တခြား ငါးရှာ၊ ဖားရှာ သမားတွေပဲ ရောက်ကြပြီး၊ နွေရာသီဆိုလည်း ကွက်ထောင်တဲ့

သူတွေ ... ရေခန်း ငါးလိုက်ဖမ်းတဲ့ သူတွေလောက်ပဲ ရောက်ကြတယ်။

နွေရာသီ လယ်တွေ သိမ်းပြီးတော့ တစ်နေ့မှာ ရွာထဲက ကောင်လေး တစ်ယောက် အဲဒီ ကျောက်ပျဉ်ကျွန်းဘက် ညနေစောင်း အချိန်လေး လယ်ညှပ်တွေ ထမ်းပြီး လယ်ကြွက်တွေ သွားထောင်တယ်။

ကောင်လေးဆိုပေမဲ့ ဆယ်နှစ်သားလောက်ပဲ ရှိဦးမှာ ပေါ့။

သူ့နာမည်က ကျော်ဦး။

လူသာငယ်တာ ဘာမှ ကြောက်တတ်တဲ့ ကောင် မဟုတ်ဘူး ။ ညတိုင်း ကြွက်ထောင်ပြီး ညဦးယံ တစ်လားတော့ အမြဲလိုက်နေကြ။ အဖော်မလိုဘူး တစ်ယောက်ထဲ ကွင်းကြိုကွင်းကြား သွားနေတာပဲ။

တောတွေကလည်း ရှိနေတော့ ကြွက်တွေကလည်း အရမ်းပေါတယ်လေ။ သူ အဲညနေက ကျောက်ပျဉ်ကျွန်း နေရာဘက် ရောက်လာတယ်။

နွေရာသီဆိုတော့ ကျောက်ပျဉ်ကျွန်း နေရာမှာ ရေတွေခန်းခါနီးမို့ ကုန်းပေါ်နေပြီ။ အဲဒါနဲ့ သူ ကျောက်ပျဉ်ကျွန်းပေါ် ကြွက်ထောင်ဖို့ ကျူရုံတွေကြားထဲ တိုးဝင်သွားတယ်။

အဲလို တိုးဝင်သွားရင်း ကြွက်ထောင်ဖို့ အတွက် ကြွက်လမ်း ရှာတာ ပေါ့။ အဲလိုရှာနေတုန်းမှာ ပဲ သူအသံတစ်ခု ကြားလိုက်တယ်။

"ဖလပ် ... ဖလပ် ..."

"ဖလပ် ... ဖလပ် ..."

"ဘာသံလည်း မသိဘူး ... သရဲများ ခြောက်တာလား ..."

စိတ်ထဲမှာ နည်းနည်းတော့ ကြောက်နေပေမဲ့ သိချင်စိတ်ကလည်း ရှိနေတော့ အသံကြားရာဘက်ကို ကြူရုံတွေ ကြားထဲကနေ တိုးသွားလိုက်

။ အသံက တဖြည်းဖြည်း နီးလာတော့ စိတ်ထဲမှာ လည်း တစ်ဒုတ်ဒုတ်နဲ့ ခုန်နေတယ်။ ဘာများ လည်း ဆိုပြီး သိချင်စိတ်ကလည်း ပြင်းပြနေတော့ ရှေ့ပဲဆက်တိုး လာခဲ့တယ်။

တိုးရင်း တိုးရင်းနဲ့ ညောင်ပင်ကြီးနား ရောက်လာတော့ အသံက ညောင်ပင် ခြေရင်းနားကနေ ထွက်လာတာကိုး။ သူလည်း ရှေ့တိုးပြီး ညောင်ပင်ခြေရင်းနား သွားလိုက်တော့ ကျူရုံတွေ ရှုပ်နေတာနဲ့ ဘာမှ မမြင်ရဘူး … အဲဒါနဲ့ ကျူရုံတွေ အတင်းဆွဲဖယ်ပြီး ငုံ့ကြည့်လိုက်တော့ …

"ဟာ …"

"ငါးတွေပါလား … ကျင်းကြီးဖြစ်ပြီး ငါးတွေ တင်ကျန်ခဲ့တာပဲ … မနည်းဘူး ငါတော့ ပွတာပဲ"

ဟုတ်တယ်ဗျ။ မိုးတွင်းဘက်ရေမြုပ်ပြီး ရေခန်းလာတော့ ငါးတွေက ကျင်းတွေထဲမှာ ကျန်ခဲ့တာ။

မနည်းမနောပဲ ငါးတွေက အစုံ။ ငါးရံ့၊ ငါးခူ၊ ငါးပြေမ၊ ငါးကျည်း အစုံ၊ အစုံပဲ။

အဲဒါနဲ့ ငါးတွေကို ဆင်းဖမ်းပြီး ထည့်စရာ မပါတော့ စလွယ်သိုင်းလာတဲ့ ပုဆိုးကိုချွတ် ငါးတွေဖမ်းထည့်ပြီး ထုပ်လိုက်တယ်။

ငါးတွေက များ လွန်းလို့ သူဖမ်းလို့ တောင် မကုန်ဘူး။ နောက်မှ လာဖမ်းမယ်ဆိုပြီး အပေါ်ပြန်တက် လိုက်တယ်။

အပေါ်ရောက်တော့ အပေါ့က သွားချင်လာတာနဲ့ ညောင်ပင်ဘက်လှည့် သေးပေါက်လိုက်တယ်။ သေးတောင် မဆုံးသေးဘူး …

"ရှီး … ဖျပ် … ရှီး … ဖျတ် …"

"အောင်မလေး ... သေပါပြီဗျ ..."

သူ သေးပေါက်လို့ မဆုံးခင်မှာ ပဲ ... ကြိမ်လုံးတစ်ချောင်းနဲ့ ကျောပြင်ကို ရိုက်သလို့ သုံးလေးချက် အရိုက်ခံ လိုက်ရတယ်။

ရုတ်တစ်ရက် အရိုက်ခံလိုက်ရတော့ လန့်လည်း လန့် နာလည်း နာပြီး နောက်ကို လှည့်ကြည့်လိုက်တော့ ဘာမှ မတွေ့ဘူး။

သူလန့်ဖြန့်ပြီး ငါးတွေ၊ လယ်ညှပ်တွေတောင် မယူနိုင်တော့ပဲ အသကုန်အော်ပြီး ရွာထဲ ပြန်တက်ပြေး လာပါလေရော။

အိမ်ပြန်ရောက်တော့ ကြောက်တာရော မောတာရော ပေါင်းပြီး အသံတောင် မထွက်နိုင်တော့ဘူး။

သူ့အမေက သူကိုမြင်တော့ ထိန့်လန့်ပြီး အတင်းမေးတယ် သူပြန် မပြောနိုင်သေးဘူး။ ခဏနေလို့ အမောပြေတော့မှ ...

"သား ... သားကို တုတ်နဲ့ ရိုက်လိုက်လို့ ..."

"ဟင် ... ဘယ်သူက ရိုက်လိုက်တာလည်း ... ပြောစမ်း ... နင့်ကို ဘယ်သူ ရိုက်လိုက်တာလည်း ... ငါအခုချက်ချင်း သွားရှင်းမယ် ..."

"မသိဘူး အမေရ ရိုက်တဲ့ သူကို မမြင်ရဘူး"

"နင်ဘယ်သွားလို့ လည်း ဘယ်မှာ ရိုက်လိုက်တာလည်း ... ငါ့ကို ပြောစမ်း ..."

ထိုအချိန်မှာ ပင် သူရဲ့ အဖေ မန်းသန်း တစ်ယောက် အရက်ဆိုင်မှ အရက်လေး တထွေထွေနှင့် ပြန်ရောက်လာသည် ။

"ဟဲ့ ... ဒီသားအမိတွေ ဘာဖြစ်နေကြတာလဲ"

"ဘာဖြစ်ရမှာ လဲ ရှင့်သားကို ရိုက်လိုက်လို့ တဲ့ အဲဒါကို အခုမေးနေ

တာ"

"ဟေ ... ငါ့သားကို ဘယ်သူ ရိုက်လိုက်တာလဲ ... ငါ့ကိုပြောစမ်း ... ဟေ့ကောင်ကျော်ဦး ပြောစမ်း မင်းကို ဘယ်သူ ရိုက်လိုက်တာလဲ"

"ကျွန်တော်လည်း မတွေ့ရဘူးဗျ နောက်ကနေ ကျောကုန်းကို ရိုက်လိုက်တာ ... နာလိုက်တာများ သတိတောင် လစ်ချင်တယ်"

"မင်းက ဘယ်သွားလို့ လဲ ..."

"ကျောက်ပျဉ်ကျွန်းမှာ ကြွက်သွားထောင်းရင်း ငါးကျင်းတွေ့လို့ ငါးတွေဖမ်းပြီး ပြန်အတက်မှာ သေးပေါက်ချင်တာနဲ့ သေးပေါက်နေတုန်း ရှိသေးတယ် နောက်ကနေ အရိုက်ခံရတာပဲ"

"ဟေ ... ကျောက်ပျဉ်ကျွန်းမှာ ..."

"ဟုတ်တယ် အဖေ ... ကျွန်တော် အရမ်းကြောက်တယ် ... ကြောက်တယ် ..."

ကျော်ဦး တစ်ယောက် ပြောနေရင်း ကြောက်လန့်လာကာ တက်မလို ချက်မလို ဖြစ်သွားပြန်သည်။

လင်မယား နှစ်ယောက်စလုံး အတင်း နှိပ်နယ်ပေးကြ အော်ခေါ်ကြနှင့် ပြာယာ ခပ်ကုန်သည်။

"သား ... သားလေး ... ဘာဖြစ်လို့ လဲ ... သားလေး ..."

"သား ... ကျော်ဦး ... သား ... သား ..."

"ကိုသန်းအောင် သား ... သားဘာဖြစ်တာလဲ မသိဘူး ... မရိုးသားဘူး ထင်တယ် ... သွား ... ရှင် ... ဆရာတိကို သွားပင့်ချေ ... မြန်မြန် ခေါ်လာခဲ့"

"အေး ... ...အေး ..."

မန်းသန်း တစ်ယောက် ဆရာတိဆီ အပြေးထွက်သွားတယ်။

ခဏနေတော့ ပြန်ရောက် လာပြီး ...